နန်းကုန်း(နီး)ကျေးရွာ

ပင်းတယမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နန်းကုန်း(နီး)ကျေးရွာ၊ ပင်းတယမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီ အစဉ်ရေး ဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ် ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊

ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဩဂုတ် ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
နန်းကုန်း(နီး)ကျေးရွာ
ပင်းတယမြို့နယ်

နန်းကုန်း(နီး)ကျေးရွာ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	ကျေးရွာသယံဇာတပြမြေပုံ	
၁	**တည်နေရာနှင့် ပထဝီဝင်အနေအထား**	၅
၂	**ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**	၅
၃	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ**	၅
၄	**စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**	
	(က)သီးနှံစိုက်ပျိုးရေး	၆
	(ခ)မွေးမြူရေးလုပ်ငန်း	၇
	(ဂ)ငါးလုပ်ငန်း	၇
	(ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၇
	(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၇,၈
၅	**အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**	
	(က)ကျေးလက်သယ်ယူပို့ဆောင်ရေး	၈
	(ခ)ကျေးရွာမီးလင်းရေး	၈
	(ဂ)သတင်းနှင့် ဆက်သွယ်ရေး	၈
၆	**ပညာရေး**	၈,၉
၇	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**	၉
၈	**ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၉,၁၀
၉	**ကျား-မ ရေးရောကိစ္စရပ်ဆိုင်ရာ**	၁၀
၁၀	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**	၁၁

နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၂
	နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဧယားများ	-
	နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဧယား	၁၃
	နောက်ဆက်တွဲ(၄)နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက်	၁၄



၁။ တည်နေရာ၊ ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

နန်းကုန်း(နီး) ကျေးရွာသည် ပင်းတယမြို့ - အောင်ပန်း ကားလမ်း ၏ အရှေ့ဘက်တွင် တည်ရှိ ပါသည်။ ကျေးရွာ၏အဓိက စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မွေးမြူရေး လုပ်ငန်းကိုလည်း တပိုင်တနိုင် လုပ်ကိုင် ကြသည်။ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုသည်။

၂။ ရာသီဥတု နှင့် သဘာဝအရင်းအမြစ်

ကျေးရွာသည် အအေးပိုင်းဒေသဖြစ်ပြီး ရာသီဥတုကောင်းမွန်ပါသည်။ သို့သော် သစ်တော များပြုန်းတီးလာမှုကြောင့် ရာသီဥတုဖောက်ပြားတတ်ပါသည်။ သဘာဝရင်းမြစ်များအနေဖြင့် လယ်ယာမြေ အသင့်အတင့်ရှိကြပြီး တောင်ပေါ်ဒေသဖြစ်ကာ မြေဆီအသင့်အတင့်ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝ သယံဇာတမထွက်ရှိပါ။ တောင်သူအချို့မှာ လယ်ဧက (၁၅)ဧက မိုးရေသွင်းစိုက်ပျိုးနိုင်သည်။ ထွက်ယက် စိုက်ပျိုးနိုင်သည့် ဧက (၂၂၄)ဧက စပါး၊ အာလူးနှင့် ပန်းနန်း တို့အဓိကစိုက်ပျိုးကြသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက ၃၁၀၂.၅ ဧက ရှိပြီး စပါး နှင့် အခြားသီးနှံများကို အဓိက စိုက်ပျိုးကြသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၂) ဖွဲ့သာ ရှိသည်။ ဘာသာရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာ ဓမ္မစကူးလ်(၁)ဖွဲ့ ရှိသည်။ ယင်းအဖွဲ့တို့သည် ရွာမှဖွဲ့စည်းထားသော လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည်။ အမျိုးသမီး ပရဟိတအဖွဲ့မှာ သာရေးနှင့် နာရေးကိစ္စတို့တွင် ပါဝင်လုပ်ဆောင်ကြသည်။ သို့ရာတွင် ဘာသာရေးနှင့် ပတ်သက်သောအရာများသည် တစ်ရွာလုံးကူညီကြသည်။ သို့မဟုတ် (၁၀)အိမ်ခေါင်းအဖွဲ့ (၅)ဖွဲ့ရှိသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပင်းတယမြို့မှ ထုတ်ချေးဖွဲ့စည်းပေးထားသော မြစိမ်းရောင် ရန်ပုံငွေ အဖွဲ့သည် လည်းပုံမှန်လည်ပတ်ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့ကြား ချိတ်ဆက်ဆောင်ရွက်မှု အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုပိုမိုတိုးတက် ကောင်းမွန်လာနိုင်သည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင် မတ်ပဲ စိုက်ခင်းများ ၊ ဖျက်ပိုးများ ကျဆင်းတတ်သောကြောင့် ပိုးသတ်ဆေး နှင့် ဓာတုမြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာသည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနိုင်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံ

များကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ အချို့မြေယာမဲ့အိမ်များ မှာ မိဘနှင့် အတူ လုပ်စားနေရပြီး ပုံစံ(၇)မရှိ၍ စိုက်ပျိုးရေးချေးငွေမရနိုင်။ ခက်ခဲမှုရှိပါ၏။

စိုက်ပျိုးမြေတိုးချဲ့မှုမရှိနိုင်တော့သည်။ စိုက်ပျိုးရေးနှင့် သွင်းအားစုများ အချိန်မီရရှိအသုံးပြုမှု နည်းပါးသည်။ ရေအရင်းအမြစ်များ ရရှိနိုင်မှု ပုံမှန်သာရှိသည်။ အချို့စိုက်ပျိုးရေးလုံလောက်မှုမရှိချေ။ ဖျက်ပိုးများနှင့် ရောဂါများ နိမ်နင်းရန်လိုအပ်သည်။ နည်းပညာများ အကူအညီများနှင့် နည်းလမ်းများ လိုအပ်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာ၏ မွေးမြူရေးလုပ်ငန်းတွင် နွားကိုသာအဓိကမွေးမြူကြသည်။ အချို့ပြည်သူများသည် နွားများကို အငှားဖြင့် မွေးမြူကြပါသည်။ ခိုင်းနွားကို စပါး (၁၂)တင်း သို့မဟုတ် ပိုက်ဆံ(၁သိန်း၂သောင်း) ကျပ် အခကြေးငွေ စသည်တို့ဖြင့် ငှားကြပါသည်။ ကျေးရွာတွင် မြင်း (၂)ကောင်သာ ရှိပါသည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကု ဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင်တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို မြစိမ်းရောင်လည်ပတ်ရန်ပုံငွေမှ ချေးယူကြသည်။

(ဂ) ငါးလုပ်ငန်း

ကျေးရွာသည် တောင်ပေါ်တွင်တည်ရှိသောကြောင့် ငါးလုပ်ငန်းဆောင်ရွက်မှုမရှိပါ။

(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ လက်လုပ်လက်စား အလုပ်များမှာ စိုက်ပျိုးရာသီ များတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ချေကိုက်မှုနည်းပါးသည်။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ် ၊ ပန်းရံ၊ လက်သမား အလုပ် ၊ အိမ်ဆိုင် နှင့် အစိုးရဝန်ထမ်း ဆိုင်ကယ်ပြင်လုပ်ငန်းတို့ ဖြစ်ကြသည်။ အခြား လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထားတွင်ရှိသည်။ လက်လုပ်လက်စား အလုပ်များမှာ စိုက်ပျိုးရာသီများတွင် အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် တွက်ချေကိုက်မှု အသင့်အတင့်သာရှိသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏အလားအလာ ကောင်းတစ်ရပ်ဖြစ်သည်။ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်နိုင်ရန်နှင့် နိုင်ငံရပ်ခြားသွားရောက် အလုပ်လုပ်နိုင်ရာ မူဝါဒနှင့် ပံ့ပိုးမှုများ လိုအပ်ကြောင်း တွေ့ရသည်။

(ငˆ) ဘဏ် နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ စိုက်ပျိုးရေးချေးငွေကို စိုက်ဘဏ်မှ ရရှိပါသည်။ စိုက်ပျိုးရေးမမီချိန် အခက်အခဲရှိသည်။ အတိုးနှုန်း (၁.၅)ကျပ်နှုန်းသာ ပေးရ၍ ကျေးရွာသူ/သားများ တင်ပြကြရသည်။ ကျေးရွာတွင် မြို့နယ်ကျေးလက်ဦးစီးဌာနမှ ထုတ်ချေးဖွဲ့စည်းပေးထားသော မြစိမ်းရောင်အဖွဲ့သည် အဖွဲ့ဝင် (၆)ဦးရှိကာ တစ်နှစ်အတိုးနှုန်း(၁.၅%) ဖြင့် အသင်းဝင်များ ငွေချေးယူနိုင်ကြသည်။ အဖွဲ့တွင် ချေးငွေကို (၁၀)လ အထိ ချေးယူနိုင်ပြီး စည်းကမ်းပိုင်းတွင် အသင့်တင့် တင်းကြပ်ထားသည်။ ကျေးရွာသားအများစုသည် ချေးငွေကို စိုက်ပျိုးရေး၊ မွေးမြူရေး အတွက် အဓိကထားချေးယူကြသည်။ ကျေးရွာတွင် အကြွေးထားရှိမှု အနေအထားကို လေ့လာဆန်းစစ်ချက်အရ ပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စု အချို့သည် အကြွေးယူထားကြပြီး အကြွေးငွေ (၅၀၀၀၀)မှ (၁၅၀၀၀၀၀)ထိ ချေးယူကြောင်း တွေ့ရှိရသည်။

၅။ အခြေခံအဆောက်အဦ နှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး လမ်းများမကောင်းပါ။ ထုတ်ကုန်များ သယ်ပို့ရာတွင် အနည်းငယ် ခက်ခဲမှုကြုံတွေ့ရပါသည်။ ကျေးရွာတွင် အိမ်တိုင်းနီးပါး ဆိုင်ကယ်ရှိကြပါသည်။ နွားလှည်း၊ ထော်လာဂျီများလည်း အသင့်အတင့် ရှိပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်မီးကို ၂၀၁၆ ခုနှစ်မှစ၍ သွယ်တန်းထားရှိပြီး ကျေးရွာတွင် မဟာဓာတ်အားလိုင်း များကို အိမ်ထောင်စု(၅၆)စု သာအသုံးပြုကြပြီး အခြားအိမ်များ တွင် ဆိုလာစနစ်ဖြင့် သာအသုံးပြုကြပါသည်။ ထင်းခုတ်ယူမှုများပြားခြင်းကြောင့် သစ်တောများ ပြုန်းတီးလာပြီး ရာသီဥတုများဖောက်ပြန်လာပါသည်။

(ဂ) သတင်း နှင့် ဆက်သွယ်ရေး

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများ အတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ မိုဘိုင်းဖုန်းများကို လူမှုရေး၊ စီးပွားရေးများတွင် အသုံးပြုကြပြီး အင်တာနက် ၊ သတင်း ချိတ်ဆက်မှုများလည်း ရှိကြသည်။ သို့သော်အင်တာနက်သုံးစွဲနိုင်မှုမှာ အသင့်အတင့် ကောင်းမွန်သည်။ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် များကို ဖုန်း(၄၆)လုံး၊ တီဗွီ(၅)လုံး နှင့် ဂြိုလ်တုစလောင်း(၂)လုံးတို့မှ ရရှိပါသည်။ ဖုန်းလိုင်းရရှိသည့်အတွက် သတင်းနှင့်ဆက်သွယ်ရေးတို့ အတွက် အဆင်ပြေပါသည်။

(ဃ) ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသား အများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အနည်းငယ်သာ ရှိပါသည်။ ကျေးရွာတွင် အခြေခံပညာကို ရွာထဲရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းကို ပွေးလှကျောင်း တို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော် သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ မရှိပါ။ လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးသည်။

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ ကျောင်းတက် နှုန်း နည်းပါးပြီး မူလတန်းကျောင်းတက်သူ ကျား(၁၂)၊ မ(၁၄) ယောက် စုစုပေါင်း(၂၆)ရောက်သာ ရှိသည်။ အထက်တန်းကျောင်း (၁၅-၁၆)နှစ်ကြား ၊ ကျောင်းတက်သူမှာ ကျား(၁၀)၊ မ(၁၄) စုစုပေါင်း(၂၄) ယောက်သာ ရှိသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိမူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းခွဲတို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော် သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

၇။ ကျန်းမာရေး၊ ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ပြီး အဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ သွေးလွန်တုတ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင် ပိုမိုဖြစ်ပွားမှုရှိကြောင်း တွေ့ရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များရှိကြသည်။ ကျေးရွာသားများ အနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာတွင် ရရှိနိုင်ကြပြီး (၁၁)ကီလိုမီတာ ကွာဝေးပြီး သဲလမ်းဖြင့် အလွယ်တကူ သွားလာနိုင်သော မြို့နယ်ဆေးရုံဆေးဆိုင်များနှင့်လည်း လက်လှမ်းမီပါသည်။

ရွာသူ/သားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့နှင့် လက်လှမ်းမီမှုအားနည်းသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကျင်းကိုအုတ်ဖြင့် ပြုလုပ်ထားကြပြီး ဆင်းရဲသောအိမ်ထောင်စုများက ဝါးရိုင်းပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါးယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှု များနည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသား/သူများအတွက် အသုံးပြုရန် လွယ်ကူပါသည်။

၈။ ဘေးအန္တရာယ် နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် မတ်ပဲ စိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တတ်သော ကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာ သုံးစွဲမှု များပြားလာသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင် သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနိုင်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ ၊ ပုလင်းခွံ ၊ ဗူးခွံ များကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့် မ အကြား ပြင်းထန်စွာ အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စ များ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီး များသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ် များတွင် အခွင့်အရေး တူညီစွာရရှိကြသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့် ၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် နည်းနေသော်လည်း အလယ်တန်း၊ မူလတန်း အဆင့်တွင် မအရေအတွက် မှာ ကျားအရေအတွက်ထက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများကို ပိုမိုရရှိကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ လျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်နည်းပါးလျက်ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှုဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်သည်။

၁၀။နန်းကုန်း(နီး)ကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	ကျေးရွာအုပ်စုအမည် - နန်းကုန်း		ကျေးရွာအမည် - နန်းကုန်း(နီး)	မှတ်ချက်
	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး	ကျန်းမာရေးဟောပြောပွဲ	
၂	အမျိုးသမီး	အမျိုးသမီး	ကျေးရွာဖွံ့ဖြိုးရေးတွင် အမျိုးသမီးပါဝင်စေခြင်း	
၃	စိုက်ပျိုးရေး နည်းပညာ	နည်းပညာ	စိုက်ပျိုးရေး၊မွေးမြူရေး သင်တန်း	
၄	ကျန်းမာရေး	အခြေခံ ကျန်းမာရေး ဝန်ဆောင်မှု / ကျေးလက် ကျန်းမာရေး ဝန်ဆောင်မှု / ကျေးလက် အခြေပြု၊ လူထု အခြေပြု ကျန်းမာရေး ဝန်ဆောင်မှု	ဆေးပေးခန်း	
၅	အခြေခံအဆောက်အဦ	ကျေးလက် လမ်း၊ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	လုပ်ငန်းခွင်သွားလမ်းကျောက်ခဲ လမ်း(၂၀၀၀ပေ)	
၆	အခြေခံအဆောက်အဦ	စိုက်ပျိုးရေ ရရှိရေးနှင့် စိုက်ပျိုးရေအသုံးချခြင်း	ကွဲ၊ နွားများသောက်ရန်နှင့် စိုက်ပျိုးရေးသုံးရန်မိုးရေလှောင်ကန် (မြေသားကန်) (၁၀၀'×၂၀')	
၇	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလန်း	မူးယစ်ဆေးဝါး တားမြစ်ခြင်းနှင့် ဟောပြောပွဲသင်တန်း	

နောက်ဆက်တွဲ(၁)

နန်းကုန်း(နီး)ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦးကျော်ထွေး	ဦးဖိုးကာ	၁၃/ပတယ(နိုင်)၀၅၃၃၀၇၅		ဘဏ္ဍာရေးမှူး		
၂	ဦးအောင်တီး	ဦးနိုး	၁၃/ပတယ(နိုင်)၀၂၉၈၃၀		ဥက္ကဋ္ဌ	၀၉-၄၅၂၇၇၉၄၆၇	
၃	ဦးဇော်ဝင်းနိုင်	ဦးအောင်မြ	၁၃/ပတယ(နိုင်)၀၅၃၃၀၅၂	၂၅	စာရင်းကိုင်		
၄	ဦးကံပွင့်	ဦးတင့်တယ်	၁၃/ပတယ(နိုင်)၀၅၅၄၈၆		စာရင်းစစ်		
၅	ဦးရဲအောင်	ဦးဘညာဏ်	၁၃/ပတယ(နိုင်)၀၆၈၂၃၆	၂၃	အဖွဲ့ဝင်		
၆	ဦးဘညာဏ်	ဦးဖိုးပြန်	၁၃/ပတယ(နိုင်)၀၂၉၈၁၂		အတွင်းရေးမှူး	၀၉-၇၈၉၄၃၄၀၄၁	
၇	ဦးသိန်းစိုး	ဦးမြို့	၁၃/ပတယ(နိုင်)၀၂၉၈၆၁		အဖွဲ့ဝင်		

ဖွံ့ဖြိုးရေးဗျူတည်ဆောက်မှုအခြေပြဇယား (နန်းကုန်း(နီး))ကျေးရွာ

စဉ်	ပြဿနာ	အကြောင်းအရာ	အခြေအနေ ကောင်းမျာ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	အစာအသောက်နှင့်ပတ်သ ၍သန့်ရှင်းမှုမရှိသင့်မသင့် မခွဲခြားနိုင်	ကျန်းမာရေးဆိုင်ရာအသိ ညာအားနည်းခြင်း			ကျန်းမာရေးဌာနနှင့်ပတ်သက် ဖော်ဆောင်ခြင်း	ကျန်းမာရေးဟောပြောပွဲ
၂	အမျိုးသမီးများ အိမ်မှုကိစ္စတွင်အချိန်ကုန် နေခြင်း၊ဖွံ့ဖြိုးရေးလုပ်ငန်းမ းတွင် ပါဝင်မှု အားနည်းခြ	အမျိုးသမီးများ လူစွမ်းရည်အပြည့်အဝ အသုံးချခွင့်မရခြင်း	အချင်းချင်းရင်းနှီး ခင်မင်ကြခြင်း		ကျေးရွာဖွံ့ဖြိုးရေးတွင် အမျိုးသမီးပါဝင်စေခြင်း	ကျေးရွာဖွံ့ဖြိုးရေးတွင် အမျိုးသမီးပါဝင်စေခြင်း
၃	မျိုးကောင်းမျိုးသန့် မစိုက်ကြခြင်း ဖျက်ပိုးနှင့်ရောဂါကျခြင်း	မျိုးကောင်းမျိုးသန့်ချန်ရ အသိမရှိခြင်း မျိုးသန့်ပွားနည်းပညာ မသိရှိခြင်း	စိုက်ပျိုးရေးကုမ္ပဏီများ ရှိခြင်း၊စိုက်ပျိုးရေး ဌာန ရှိခြင်း		စိုက်ပျိုးရေးဌာနနှင့်ပုဂ္ဂလိက အဖွဲ့အစည်းများအားချိတ် ဆက်ဆောင်ရွက်ခြင်း	စိုက်ပျိုးရေး၊မွေးမြူရေး သင်တန်း
၄	အရေးပေါ်ပြဿနာပေါ်ပေါ် ခဲ့ပါကဖြေရှင်းခက်ခဲ ခြင်း	ကျေးလက်ဆေး ပေးခန်းမရှိ	မြေနေရာရှိ	ငွေကြေးအင်အား မရှိ	ကျန်းမာရေးဌာနနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း	ဆေးပေးခန်း
၅	လမ်းပန်းဆက်သွယ် ရေးမကောင်း၊သွားလာ ရခက်ခဲခြင်း	မြေသားလမ်းဖြစ်ခြင်း၊ လမ်းကျဉ်းမြောင်းခြင်း၊ လမ်းကြမ်းခြင်း	လမ်းဟောင်းရှိခြင်း ရှာလူထုလုပ်အားရှိခြင်း	ငွေကြေးအင်အား မရှိ	သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်တင်ပြခြင်း	လုပ်ငန်းခွင်သွားလမ်းကျောက်ချော လမ်း(၂၀၀၀ပေ)
၆	သန့်ရှင်းသော သောက်သုံးရေ မရရှိခြင်း	လူတိရိစ္ဆာန်ရောနှော ဝင်ရောက်မှုမှ စီးဆင်း လာသော ရေဖြစ်ခြင်း အကာအကွယ်မဲ့ ချောင်းရေဖြစ်ခြင်း		ရေလှောင်ကန်နှင့် ရေပိုက်သွယ်တန်းရန်ဘ ဂျက်ငွေမရှိခြင်း	ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း	ကွဲ၊ နွားများသောက်ရန်နှင့် စိုက်ပျိုးရေးသုံးရန်မိုးရေလှောင်ကန် (မြေသားကန် (၁၀၀'×၂၀')
၇	မူးယစ်ဆေးဝါးအန္တရာယ်	မူးယစ်ဆေးဝါး လွယ်ကူစွာ ဝယ်ရနိုင်			မူးယစ်ကင်းစင် ဝန်းကျင်ဖြစ်အောင် စီစဉ်ပေးခြင်း	မူးယစ်ဆေးဝါး တားမြစ်ခြင်းနှင့် ဟောပြောပွဲသင်တန်း

နောက်ဆက်တွဲ(၄)

နန်းကုန်း(နီး)ကျေးရွာ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများလျာထားချက်

စဉ်	အဆိုပြု လုပ်ငန်းများ	အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	လုပ်ငန်းခွင်သွားလမ်းကျောက်ချော လမ်း(၂၀၀၀ပေ)	၁	✓	✓			
၂	ဆေးပေးခန်း	၂	✓	✓	✓		
၃	ကျွဲနွားများသောက်ရန်နှင့်စိုက်ပျိုးရေးသုံးရန် မိုးရေလှောင်ကန် (မြေသားကန်) (၁၀၀'×၂၀')	၃		✓	✓		
၄	စိုက်ပျိုးရေးမွေးမြူရေး သင်တန်း	၄	✓	✓	✓	✓	✓
၅	မူးယစ်ဆေးဝါး တားမြစ်ခြင်းနှင့် ဟောပြောပွဲသင်တန်း	၅	✓	✓	✓	✓	✓
၆	ကျန်းမာရေးဟောပြောပွဲ	၆	✓✓	✓	✓	✓	✓
၇	ကျေးရွာဖွံ့ဖြိုးရေးတွင် အမျိုးသမီးပါဝင်စေခြင်း	၇	✓✓	✓	✓		